**Karen National Union**
**Supreme Headquarters**
**Kawthoolei**
www.knuhq.org

## Statement Welcoming President U Htin Kyaw and New Government

1. The Karen National Union (KNU) warmly welcomes the new government and President U Htin Kyaw, who took over the duty of State presidency, in the power transfer, on March 30, 2016. The KNU would like to commend the former President U Thein Sein for the execution of peaceful and smooth transfer of the State power.

2. Since the National League for Democracy (NLD) has been elected unanimously by the entire people of the ethnic nationalities, establishment of the new government led by President U Htin Kyaw is a crucial step in the democratic transition of Burma/Myanmar.

3. The KNU welcomes and supports the policies and principles declared in the Union Parliament being – national reconciliation, civil peace, emergence of a constitution leading to a democratic federal union and the implementation of raising standard of the social life of the people – since they are in consonant with aspirations of the ethnic armed resistance organizations and the entire people, including the KNU.

4. The KNU issues this statement and welcomes with the faith and hope that during the term of the new democratic government led by President U Htin Kyaw, the peace building started during the term of the previous government would continue to be realized, and after ending the civil war that has been going on for years, a democratic federal union with full guarantee for democratic, national equality and self-determination rights would arise.

Executive Committee
Karen National Union
Supreme Headquarters

April 2, 2016

ခ့ၣ်အဲၣ်ယူၤ–ကညီဒီကလုာ်စၢဖှိၣ်ကရၢ
လီၢ်ခၢၣ်သးဝဲၤလီၢ်ခိၣ်သ့ၣ်
www.knuhq.org

# သမ္မတဦးထင်ကျော်နှင့် အစိုးရအဖွဲ့သစ်အား ကြိုဆိုသောထုတ်ပြန်ချက်

၁။ ၂၀၁၆- ခုနှစ် မတ်လ - ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတတာဝန်ကို လွှဲပြောင်းရယူသော သမ္မတဦးထင်ကျော်နှင့် အစိုးရအဖွဲ့သစ်အား မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ လှိုက်လှဲစွာကြိုဆိုပါသည်။ နိုင်ငံတော်အာဏာကို ငြိမ်းချမ်းချောမွတ်စွာလွှဲပြောင်းဆောင်ရွက်ပေးသော နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန်ကို ချီးကျူးဂုဏ်ပြုအပ်ပါသည်။

၂။ သမ္မတဦးထင်ကျော် ဦးဆောင်သောအစိုးရသစ်အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တိုင်းရင်းသားပြည်သူလူထုတရပ်လုံးက တခဲနက် ရွေးကောက်တင်မြှောက်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် အရေးပါသည့် ခြေလှမ်းတရပ်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားသည့် သမ္မတ၏အစိုးရသစ် မူဝါဒများ ဖြစ်သည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေ့ရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတခု ပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့သည် မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတရပ်လုံး၏ လိုလားမှုများ ဖြစ်သဖြင့် ကြိုဆိုထောက်ခံပါသည်။

၄။ သမ္မတဦးထင်ကျော် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ယခင်အစိုးရမှ စတင်ဆောင်ရွက်လာခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို ဆက်လက်အကောင်အထည်ဖော်ကာ နှစ်ရှည်လများစွာ ဖြစ်ပွားခဲ့သောပြည်တွင်းစစ်ကြီးကို ချုပ်ငြိမ်းစေပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာမည်ကို ယုံကြည်မျှော်လင့်ပါကြောင်းကြိုဆိုထုတ်ပြန်အပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်

ရက်စွဲ - ၂၀၁၆ ခုနှစ် ဧပြီလ (၂) ရက်။